ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ )

စာအမှတ်၊ SSE/NM/၀၀၄ /၂၀၁၇

ရက်စွဲ၊၂၀၁၇ - ခုနှစ်၊ ဖေဖော်ဝါရီလ ( ၁၇ ) ရက်။

အကြောင်းအရာ။ ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်းကိစ္စ။**

ရည် ညွှန်း ချက် ။ ။ Campana Mythic CO.,Ltd ၏ (၁၆.၂.၂၀၁၇) ရက်စွဲပါ စာအမှတ် ၊ ကပန/ရပည/(သ)-၁၀၂/၁၇

။ အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ မြန်မာ - ထိုင်း အပြည်ပြည်ဆိုင်ရာ ရေအောက်ဖိုင်ဘာကေဘယ်လုပ်ငန်းများအတွက် Campana Mythic Co.,Ltd မှ Hydrographic Feasibility Study Survey လုပ်ငန်းများကို (၁၇.၁၂.၂၀၁၆) ရက်နေ့မှ (၂၈.၀၂.၂၀၁၇)ရက်နေ့အထိ လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို (၂၅.၁၁.၂၀၁၆) ရက်နေ့စွဲပါ စာအမှတ်/ SSE/NM/၀၄၁/၂၀၁၆ ဖြင့် ရေကြောင်းသတိပေးချက် အား ထုတ်ပြန်ကြေညာပြီး ဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါလုပ်ငန်းများကို ကမ်းဦးရေတိမ်ပိုင်းတွင် လုပ်ဆောင်မည့် မြန်မာနိုင်ငံမှ မှတ်ပုံတင်ထားသည့် MV Sea Princess ရေယာဉ်ဖြင့် (၂၈.၀၂.၂၀၁၇) ရက်နေ့မှ (၁၁.၀၄.၂၀၁၇) ရက်နေ့အထိ ဆက်လက်သက်တမ်းတိုး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မြန်မာ-ထိုင်းအပြည်ပြည်ဆိုင်ရာ ရေအောက်ဖိုင်ဘာကေဘယ်လုပ်ငန်းများကို (၂၈.၀၂.၂၀၁၇)ရက်နေ့မှ (၁၁.၀၄.၂၀၁၇) ရက်နေ့အထိ လုပ်ငန်းများဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန်နှင့် အဆိုပါလုပ်ငန်းခွင်အနီးမှ လွတ်ကင်းစွာ သတိပြုမောင်းနှင်သွားကြပါရန် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတပြန်ကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

မြင့်ဦး-ညွှန်ကြားရေးမှူး(SSE)